ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံရုံး
ရီယာဒ်မြို့

# မြန်မာနိုင်ငံသားများသို့အသိပေးအကြောင်းကြားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူလူထုနှင့်သက်ဆိုင်သည့်ဝန်ဆောင်မှုလုပ်ငန်းများအား ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရေးနှင့် သိသာထင်ရှားသည့်အောင်မြင်မှုရလဒ်ရရှိရေးအတွက် အစိုးရသစ်တာဝန်ယူသည့် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့မှစ၍ ရက်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်မည့်အစီအမံများအား ဝန်ကြီးဌာနအလိုက် ချမှတ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားရှိပါသည်။ အဆိုပါသတ်မှတ်ထားသည့်ရက်ပေါင်း(၁၀၀)ကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း လမ်းညွှန်ချက်အား စီမံဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်ပရှိမြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့်လည်း ၂၀၁၆ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ ရက်ပေါင်း(၁၀၀)အတွင်း ပြည်ပတွင်နေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံသားများ၏အကျိုးစီးပွားအတွက် ထိရောက်မြန်ဆန်အဆင်ပြေလွယ်ကူစွာဆောင်ရွက်ပေးနိုင်မည့် စီမံချက်များရေးဆွဲသွားရန် လမ်းညွှန်ထားပါသည်။

၂။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ညွှန်ကြားချက်နှင့်အညီ ရီယာဒ်မြို့ မြန်မာသံရုံးအနေဖြင့် ဆော်ဒီအာရေဗျရောက်မြန်မာနိုင်ငံသားများ၊ ဂျီစီစီနိုင်ငံများရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ(ကူဝိတ်နိုင်ငံမပါ)၊ ဂျော်ဒန်နိုင်ငံရောက်မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မြန်မာသံရုံး၏လုပ်ပိုင်ခွင့်ရှိသည့်ဘောင်အတွင်း ယခင်ကထက်ပိုမိုလျှင်မြန်စွာဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ မြန်မာသံရုံး၏လုပ်ပိုင်ခွင့်ဘောင်ကျော်လွန်သောကိစ္စရပ်များအတွက် သက်ဆိုင်ရာဌာနများကို ဆက်လက်ပေးပို့ကာ ခွင့်ပြုချက်ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်သွား မ်ဖြစ်ပါသည်။

**မြန်မာနိုင်ငံသားများ၏အကျိုးစီးပွားအတွက်ဆောင်ရွက်ပေးမည့်ကိစ္စရပ်များ**

၃။ ရီယာဒ်မြို့ မြန်မာသံရုံးမှ မြန်မာနိုင်ငံသားများ၏ဆောင်ရွက်ပေးမည့်ကိစ္စရပ်များမှာ -

(က) အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းကုန်လွန်သူများအား မြန်မာနိုင်ငံကူးလက်မှတ်အသစ်ထုတ်ပေးခြင်း

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးနေသူများအား မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှခွင့်ပြုချက်ရယူ၍ မြန်မာနိုင်ငံကူးလက်မှတ်အသစ်ထုတ်ပေးခြင်း၊

(ဂ) မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံး၍ မြန်မာနိုင်ငံသို့ပြန်လိုသူများအား မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ်ထုတ်ပေးခြင်း၊

(ဃ) မြန်မာနိုင်ငံကူးလက်မှတ်များသက်တမ်းတိုးပေးခြင်း၊

(င) မြန်မာနိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားလာသည့် မြန်မာနိုင်ငံသားကလေးများအား မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ခွင့်ပြုချက်ရယူ၍ မြန်မာနိုင်ငံကူးလက်မှတ်အသစ်ထုတ်ပေးခြင်း၊

(စ) နိုင်ငံကြီးပတ်ဘာလစ်ထောက်ခံစာများထုတ်ပေးခြင်း တို့ ဖြစ်ပါသည်။

**လျှောက်ထားရာတွင်ပါဝင်ရမည့်စာရွက်စာတမ်းများ**

၄။ အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းကုန်လွန်နေသောမြန်မာနိုင်ငံသားများအတွက် မည်သည့်အတွက်ကြောင့် သက်တမ်းကျော်လွန်သွားကြောင်း ဖော်ပြထားသည့်ကိုယ်တိုင်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်၊ ၃၁-၁၂-၂၀၁၁ ရက်နေ့အထိ ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း ဝင်ငွေခွန်ဖြတ်ပိုင်းမိတ္တူ (မှီခိုသူဖြစ်ပါက အလုပ်လုပ်သူ၏ ဝင်ငွေခွန်ဖြတ်ပိုင်းမိတ္တူ)၊ ကိုင်ဆောင်ထားသည့်မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ ပုံစံ(ဘီ) ဓါတ်ပုံ(၄)ပုံ၊ တို့နှင့်အတူ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးနေ၍ မြန်မာနိုင်ငံကူးလက်မှတ်အသစ်ပြန်လည်ထုတ်ယူလိုသော မြန်မာနိုင်ငံသားများအတွက် ကိုယ်တိုင်ရေးလျှောက်လွှာ၊ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း ရဲစခန်းသို့တိုင်ကြားချက်မိတ္တူ ကိုယ်ရေးရာဇဝင်၊ ၃၁-၁၂-၂၀၁၁ ရက်နေ့အထိ ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း ဝင်ငွေခွန်ဖြတ်ပိုင်းမိတ္တူ (မှီခိုသူဖြစ်ပါက အလုပ်လုပ်သူ၏ ဝင်ငွေခွန်ဖြတ်ပိုင်းမိတ္တူ)၊ ကိုင်ဆောင်ခဲ့သည့်မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ ပုံစံ(ဘီ)၊ ဓါတ်ပုံ(၄)ပုံတို့နှင့်အတူ လျှောက်ထားရန် ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံး၍ မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ်ဖြင့် မြန်မာနိုင်ငံသို့ပြန်လိုသော မြန်မာနိုင်ငံသားများအတွက် ကိုယ်တိုင်ရေးလျှောက်လွှာ၊ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်းရဲစခန်းသို့တိုင်ကြားချက်မိတ္တူ ကိုယ်ရေးရာဇဝင်၊ ကိုင်ဆောင်ခဲ့သည့်မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ဓါတ်ပုံ(၄)ပုံ တို့နှင့်အတူ လျှောက်ထားရန် ဖြစ်ပါသည်။

၇။ မြန်မာနိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးပေးခြင်းကိစ္စရပ်များအတွက် ကိုယ်တိုင်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်၊ ၃၁-၁၂-၂၀၁၁ ရက်နေ့အထိ ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း ဝင်ငွေခွန်ဖြတ်ပိုင်းမိတ္တူ (မှီခိုသူဖြစ်ပါက အလုပ်လုပ်သူ၏ဝင်ငွေခွန်ဖြတ်ပိုင်းမိတ္တူ)၊ ကိုင်ဆောင်ထားသည့် မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ ပုံစံ(ဘီ)၊ ဓါတ်ပုံ(၄)ပုံတို့နှင့် လျှောက်ထားရန် ဖြစ်ပါသည်။

၈။ ပြည်ပတွင်မွေးဖွားသော မြန်မာနိုင်ငံသားကလေးများအတွက် မြန်မာနိုင်ငံသားမိဘများမှ ကိုယ်တိုင်ရေးလျှောက်လွှာ၊ ကလေးမွေးဖွားကြောင်းဆေးရုံ၏ထောက်ခံချက်၊ လက်ထပ်စာချုပ်မိတ္တူ မိဘများနှင့်ကလေး၏ကိုယ်ရေးရာဇဝင်များ၊ မိဘများ၏မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ မိဘများ၏နိုင်ငံသား စိစစ်ရေးကတ်ပြားမိတ္တူ ပုံစံ(ဘီ)၊ ဓါတ်ပုံ(၄)ပုံတို့နှင့်အတူ လျှောက် ထားရန်ဖြစ်ပါသည်။

၉။ နိုင်ငံကူးလက်မှတ်ထောက်ခံစာများအတွက် ကိုယ်တိုင်ရေးလျှောက်လွှာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထောက်ခံလက်မှတ်ရေးထိုးထားသည့် နိုင်ငံကူးလက်မှတ်မူရင်း၊ ကိုယ်ရေးရာဇဝင်တို့နှင့်အတူ လျှောက်ထားရန်ဖြစ်ပါသည်။

၁၀။ ဝင်ငွေခွန်ပုံစံ၊ နိုင်ငံကူးလက်မှတ်လျှောက်လွှာ၊ ကိုယ်ရေးရာဇဝင် နှင့် ပုံစံ (ဘီ) တို့ကို ရီယာဒ်မြို့ မြန်မာသံရုံး၏ Website ဖြစ်သည့် www.meriydh.org တွင် download ဆွဲ၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံသားကိစ္စရပ်တစ်ခုချင်းအတွက် ကောက်ခံငွေများ**

၁၁။ မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးပေးခြင်း၊ မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းကုန်လွန်နေသူများအား မြန်မာနိုင်ငံကူးလက်မှတ်အသစ်ထုတ်ပေးခြင်း၊ မြန်မာနိုင်ငံလက်မှတ်ပျောက်ဆုံးသဖြင့်အသစ်ထုတ်ပေးခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ထုတ်ပေးခြင်း၊ ကလေးမွေးဖွားခြင်းအတွက် မြန်မာနိုင်ငံကူးလက်မှတ်အသစ်ထုတ်ပေးခြင်း၊ နိုင်ငံကူးလက်မှတ်ထောက်ခံစာများထုတ်ပေးခြင်းတို့အတွက် ကျသင့်ငွေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးပေးခြင်း - ဆော်ဒီရီရယ် ၁၂၀

(ခ) မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းကုန်လွန်နေသူများအားနိုင်ငံကူးလက်မှတ်အသစ်ထုတ်ပေးခြင်း (စာအုပ်ကြေး ဆော်ဒီရီရယ် ၁၂၀/- နှင့် ဒဏ်ကြေး ဆော်ဒီရီရယ် ၂၈၀/-) - ဆော်ဒီရီရယ် ၄၀၀

(ဂ) မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးသူများအား နိုင်ငံကူးလက်မှတ်အသစ်ထုတ်ပေးခြင်း (စာအုပ်ကြေး ဆော်ဒီရီရယ် ၁၂၀/- နှင့်ဒဏ်ကြေး ဆော်ဒီရီရယ် ၂၈၀/-) - ဆော်ဒီရီရယ် ၄၀၀

(ဃ) မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် ထုတ်ပေးခြင်း - ဆော်ဒီရီရယ် ၂၀၀

(င) ကလေးများအား မြန်မာနိုင်ငံကူးလက်မှတ်ထုတ် ပေးခြင်း - ဆော်ဒီရီရယ် ၁၂၀

(စ) နိုင်ငံကြီးပတ်ဘလစ်ထောက်ခံစာများထုတ်ပေးခြင်း - ဆော်ဒီရီရယ် ၇၅

**ကျသင့်ငွေများပေးပို့ခြင်း**

၁၁။ မြန်မာနိုင်ငံသားကိစ္စရပ်များအတွက် ကျသင့်ငွေများကို နည်းလမ်း(၂)သွယ်ဖြင့်ပေးပို့နိုင်ပါသည်။

(က) **ဘဏ်မှတစ်ဆင့်ငွေလွှဲပေးပို့ခြင်း**

ရီယာဒ်မြို့ မြန်မာသံရုံးအနေဖြင့် ကောင်စစ်ဆိုင်ရာငွေများကို လက်ခံနိုင်ရန်အတွက် ရီယာဒ်မြို့ Al-Rajhi Bank တွင် ဆော်ဒီရီရယ်ငွေစာရင်းဖွင့်လှစ်ထားရှိပါသည်။ ရီယာဒ်မြို့ မြန်မာသံရုံး၏ ဘဏ်ငွေစာရင်းအမှတ်နှင့် လိပ်စာမှာအောက်ပါအတိုင်းဖြစ်ပါသည် -

Embassy of the Union of Myanmar, Riyadh

Account No.SA 10 8000 0349 6080 10301554

Al-Rajhi Bank
Branch No.34900 King Fahd Quarters
Riyadh, Kingdom of Saudi Arabia

ကျသင့်ငွေများကို ဘဏ်မှတစ်ဆင့်ပေးပို့မည်ဆိုပါက ဘဏ်စရိတ် (Bank Charges) နှင့် သံရုံးမှပြန်လည်ပေးပို့မည့် အမြန်ချောပို့ခ ဆော်ဒီရီရယ် ၁၇၅/-ကိုလည်းထည့်သွင်းပေးပို့ရန်လိုအပ်ပါသည်။ ဘဏ်ငွေစာရင်းသို့ ကျသင့်ငွေထက်မလျော့ဘဲ ရောက်ရှိရန် လိုအပ်ပါသည်။ ငွေပေးပို့ပြီးပါက သံရုံးသို့ ငွေပေးပို့ပြီးကြောင်းချလံ (Approved payment) ကို ဆက်သွယ်ရေးလမ်းကြောင်း (Email or WhapsApp or SMS) တို့ဖြင့် ပေးပို့ရန်လိုအပ်ပါသည်။

(ခ) **အမြန်ချောပို့စနစ်ဖြင့်ပေးပို့ခြင်း**

ကျသင့်ငွေကို မြန်မာသံရုံးသို့ပေးပို့မည့်နိုင်ငံကူးလက်မှတ်၊ ဖြည့်စွက်ပြီး သားစာရွက်စာတမ်းများနှင့်အတူ ပေးပို့နိုင်ပါသည်။ မြန်မာနိုင်ငံသား ကိစ္စရပ်များပြီးစီးသည့်အခါ သံရုံးအနေဖြင့် ကာယကံရှင်ထံသို့ အမြန် ချောပို့စနစ်ဖြင့် ပြန်လည်ပေးပို့ပါမည်။ မြန်မာသံရုံးနှင့် စာချုပ်ချုပ်ဆို ထားသည့်ကုမ္ပဏီမှာ Aramex ဖြစ်ပါသည်။ အမြန်ချောပို့ခမှာ ဂျီစီစီနိုင်ငံ များအတွက် အလေးချိန်တစ်ကီလိုလျှင် ဆော်ဒီရီရယ် ၁၇၅/- ဖြစ်ပါသည်။ ကာယကံရှင်အနေဖြင့် မြန်မာနိုင်ငံသားကိစ္စရပ်များအတွက် ကျသင့်ငွေ အပြင် အမြန်ချောပို့ခ ဆော်ဒီရီရယ် ၁၇၅/- ပါထည့်သွင်းပေးပို့ရန် လိုအပ် ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံသားတစ်ဦးသည် မြန်မာနိုင်ငံကူး လက်မှတ်သက်တမ်းတိုးဆောင်ရွက်မည်ဆိုပါက ကျသင့်ငွေမှာ ဆော်ဒီ ရီရယ် ၁၂၀/- ဖြစ်ပြီး၊ စာပို့ခမှာ ဆော်ဒီရီရယ် ၁၇၅/- ဖြစ်သဖြင့် စုစုပေါင်း ဆော်ဒီရီရယ် ၂၉၅/- ကို စာအိတ်တွင် ထည့်သွင်း ပေးပို့ရမည် ဖြစ်ပါသည်။ အတိအကျပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ပိုလျှံပါ ကလည်း ပိုငွေကို ပြန်လည် ပေးပို့ပေးမည်ဖြစ်ပါသည်။

**မြန်မာသံရုံး၏လိပ်စာ၊ တယ်လီဖုန်းအမှတ်၊ ဖက်စ်အမှတ်၊ အီးမေးလ်များ**

| | | | |
|---|---|---|---|
| (က) | မြန်မာသံရုံး၏လိပ်စာ | - | Embassy of the Republic of the Union of Myanmar<br>No.5, Al-Kadi Street, King Fahad Area, P.O.Box 94490,<br>Riyadh 11693<br>Kingdom of Saudi Arabia |
| (ခ) | တယ်လီဖုန်းအမှတ် | - | + (966)(11)229 3523, 229 3525 |
| (ဂ) | ဖက်စ်အမှတ် | - | +(966)(11)229 3306 |
| (ဃ) | အီးမေးလ် | - | meriyadh@gmail.com |
| (င) | Website | - | www.meriyadh.org |

**ဆက်သွယ်ရန်ပုဂ္ဂိုလ်များ**

(က) ဦးသက်ဇော်တိုး
ဒုတိယအတွင်းဝန်
မြန်မာသံရုံး၊ ရီယာဒ်မြို့
လက်ကိုင်ဖုန်းအမှတ် - (+) (၉၆၆) ၅၄ ၃၂၉ ၂၉၈၇

(ခ) ဦးအောင်ဇေယျသိမ်း
သံရုံးစာရေး
မြန်မာသံရုံး
ရီယာဒ်မြို့
လက်ကိုင်ဖုန်းအမှတ် - (+) (၉၆၆) ၅၆ ၈၂၀ ၄၇၂၃

မြန်မာသံရုံး၊ ရီယာဒ်မြို့

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ ၈ ရက်